ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ဖရူဆိုမြို့နယ်**

# လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

မာခရော်ရှေ့အုပ်စု၊မာခရော်ရှေ့ကျေးရွာ

၂၀၁၇ခုနှစ်၊ဖရူဆိုမြို့နယ်

# မာတိကာ


၁။ဖရူဆိုမြို့နယ်အခြေပြမြေပုံ ........................................2

၂။အုပ်စုအခြေပြမြေပုံ ........................................3

၃။မာခရောရှေ့ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ ........................................4

၄။ကျေးရွာအခြေခံအချက်အလက်များ ........................................4

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ် ဇယား ........................................5

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .......6

(၁) လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ........................................ 6

(၂) ရာသီခွင်ပြပြက္ခဒိန် ........................................ 9

(၃) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း ........................................ 12

(၄) ကျား၊မပင့်ကူအိမ်သုံးသပ်ခြင်း ........................................ 14

(၅) အရင်းအမြစ်သုံးစွဲထိန်းချုပ်မှုပြဇယား ........................................ 17

(၆)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ ........................................ 19

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်း၊ဓါတ်ပုံများ၊ကျေးရွာအစည်းအဝေးနှင့် PRA Tools များအသုံးပြု၍အချက်အလက်ကောက်ခံခြင်း........................................21

၈။မာခရော်ရှေ့ကျေးရွာ၏စီမံကိန်းအထောက်အကူပြုကျေးရွာကော်မတီဝင် များစာရင်း........................................22

၉။ကျေးရွာအချတ်အလတ်( ပုံစံ-၁ ) ........................................23

၁၀။စီမံချက်စက်ဝန်းအချိန်ဇယား( ပုံစံ -၂) ........................................26


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃ ) ........................................27

၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးခြယ်ခြင်း ( ပုံစံ-၄)........................................30


၁၃။မာခရော်ရှေ့ကျေးရွာအစည်းအဝေးမှတ်တမ်းများ........................................31

၁၄။ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ........................................33

# ၁။ဖရူဆိုမြို့နယ်အခြေပြမြေပုံ



## ၂။အုပ်စုအခြေပြမြေပုံ



## ၃။မာခရောရှေ့ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁. မာခရော်ရှေ့ကျေးရွာ
၂. ဒေါ်တာထောကျေးရွာ
၃. ခိုးရားခူကျေးရွာ
၄. ဒေါလောခူကျေးရွာ
၅. ဒေါဆီးခူကျေးရွာ
၆. ဒေါကလော်လဲကျေးရွာ
၇. လောကျော့ (ဒေါ်သဲ) ကျေးရွာ
၈. တနော့ကလောကျေးရွာ
၉. ထားလဲကျေးရွာ
၁၀. ဖရယ်တော်ကျေးရွာ

## ၄။ကျေးရွာအခြေခံအချက်အလက်များ

မာခရော်ရှေ့ကျေးရွာသည် ဖရူဆိုမြို့၏ တောင်ဘက် ၇ မိုင်အကွာတွင် တည်ရှိပါသည်။ မာခရော်ရှေ့ကျေးရွာသည် လွိုင်ကော် - မော်ချီး ဆက်သွယ်ထားသော အဝေးပြေးလမ်းသည် ကျေးရွာ၏ အလယ်တွင် ဖြတ်သန်းသွားပါသည်။ ဦးဂါရယ် ဆိုသူမှ မာခရော်ရှေ့ကျေးရွာကို စတင်တည်ထောင်ခဲ့ပါသည်။ ဦးဂါရယ် ရွာဟောင်းဖြစ်သော ဒေါဗယ်မော်ရွာတွင် ကပ်ရောဂါဖြစ်ပွားမှုကြောင့် တစ်ရွာလုံးနီးပါး သေဆုံးခဲ့ကြပါသည်။ ဦးဂါရယ်နှင့် သူ့သားသည် ဒေါဗယ်မော် ရွာမှ ကျေးရွာအသစ် တည်ထောင်ရန်အတွက် ထွက်ခွာသွားကြပြီး သစ်ပင်များ စိမ်းလန်းစိုပြေနေသော တောင်နားတွင် သစ်ပင်ခုတ်ရှင်းပြီး သဲအိမ်ဆောက်ကာ နေထိုင်ခဲ့ကြပါသည်။ ဦးဂါရယ်သည် ဘုလယ်ညေရွာနှင့် တလယ်ဒူရွာမှ ရွာသူ၊ရွာသားများကို ကျေးရွာသစ်တည်ထောင်ရန်စည်းရုံးခဲ့ပါသည်။ ကျေးရွာစတင်တည်ထောင်ချိန်တွင် အိမ် (၅) လုံးဖြင့် စတင်တည်ထောင်ခဲ့ပါသည်။

မာခရော်ရှေ့ရွာဟု အမည်တွင်လာရခြင်းမှာ ရွာ၏တောင်တားတွင် တည်ထားသည့် ထိုတောင်သည် အမှန်တကယ် တန်ဖိုးရှိသော တောင်ဖြစ်သည့်ဟု သိခဲ့ရပါသည်။ ထို့ကြောင့် မာဖရိုရှေ့ရွာဟု အမည်တွင်ခဲ့ပါသည်။ ကာလအခေါ်အဝေါ် ပြောင်းလဲလာမှုကြောင့် မာခရော်ရှေ့ဟု အမည်တွင်လာရခြင်းဖြစ်ပါသည်။ မာ - အမှန်တကယ်၊ ဖရို - တန်ဖိုးရှိသော၊ ရှေ့ - တောင်နား ဟု အဓိပ္ပါယ်ရပါသည်။ ကျေးရွာစတင်တည်ထောင်ချိန်တွင် အိမ်ခြေ (၅)မှ အိမ်ခြေ (၁၀)အိမ်ထိ တိုးလာချိန်တွင် ရွာမီးလောင်မှု ဖြစ်ပွားခဲ့ပါသည်။ ကျေးရွာကို ပြန်လည်ပြုပြင်ပြီးနောက် ဒုတိယကမ္ဘာစစ် ဖြစ်ပွားပြီး ကျေးရွာသူ၊ ရွာသားများမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ကျေးရွာကို ပြန်လည်တည်ထောင်ခဲ့ပါသည်။

ယခင်အချိန်က အဓိကစိုက်ပျိုးသည့် သီးနှံမှာ စပါး၊ ပြောင်း၊ ဖရုံတို့ဖြစ်ပါသည်။ ယခင်အချိန်က စီးပွားရေးမှာ အခက်အခဲများစွာရှိခဲ့ပါသည်။ မာခရော်ရှေ့ကျေးရွာသည် ခရစ်ယာန်(ကက်သလစ်) ဘာသာကို အဓိကထားကိုးကွယ်ကြပါသည်။ ကျေးရွာစတင်တည်ထောင်ချိန်မှစ၍ ယခုအချိန်တွင် လူဦးရေအများအပြားနှင့် အိမ်ထောင်စုများစွာ တိုးပွားလာခဲ့ပါသည်။ ယခင်အချိန်က ပညာရေးအားနည်းခဲ့သော်လည်း


ယခုအချိန်တွင် အုပ်စု အ.ထ.က ကျောင်းခွဲကို တည်ဆောက်လာနိုင်ခဲ့ပါသည်။ ကျန်းမာရေးပိုင်းဆိုင်ရာအတွက် အုပ်စု ဆေးခန်းတစ်ဆောင် တည်ဆောက်နိုင်ခဲ့ပါသည်။ ယခု မာခရော်ရှေ့ကျေးရွာ၏ အဓိက အသက်မွေး ဝမ်းကျောင်းများ စပါး၊ ပြောင်း၊ ပြောင်းကောက်၊ မြေပဲ၊ ပဲ တို့ဖြစ်ပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သော PRA Tools များ |
|---|---|
| ၁ | ကျေးရွာအရင်းမြစ်ပြမြေပုံ (Social Map) |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (SensonalClender) |
| ၃ | ဥစ္စာဓနကြွယ်ဝမှုဦးစားပေးအဆင့်သတ်မှတ်ခြင်း (Wealth Ranking) |
| ၄ | ကျားမယင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) |
| ၅ | အရင်းအမြစ်အသုံးချမှုဖော်ထုတ်ခြင်းဇယား (Asset Mapping) |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှုမြေပုံ (Veen diagram) |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (၁) လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ



**လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ**

| | | | |
|---|---|---|---|
| **ကျေးရွာ။** | **။မာခရော်ရှေ့** | **ရက်စွဲ။** | **။ ၁၃.၁၂.၂၀၁၆** |
| **အုပ်စု။** | **။မာခရော်ရှေ့** | **ပါဝင်ဆွေးနွေးသူ။** | **။ ကျ(၁၆) ဦး** |
| | | | **မ (၁၆) ဦး** |
| | | | **ပေါင်း (၃၂) ဦး** |

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်၏ ရည်ရွယ်ချက်မှာ မာခရော်ရှေ့ကျေးရွာ၏ မြေပုံကို ကြည့်ခြင်းအားဖြင့် မာခရော်ရှေ့ကျေးရွာတွင်းရှိ လူသားနှင့် လူ့အရင်းအမြစ်များ၊ စီးပွားဖြစ် အရင်းအမြစ်များ (စိုက်ပျိုးသီးနှံများ) နှင့် သဘာဝအရင်းအမြစ်များကို လေ့လာနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် မာခရော်ရှေ့ကျေးရွာ၏ လူမျိုးစု၊ ကျေးရွာအနေအထား၊ တည်နေရာနှင့် မာခရော်ရှေ့ ကျေးရွာ၏ လူမှုရေးကိစ္စရပ်များကို လေ့လာတွေ့ရှိနိုင်မည် ဖြစ်ပါသည်။

မာခရော်ရှေ့ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ အရ မာခရော်ရှေ့ကျေးရွာတွင် လူ့အရင်းအမြစ်များ(အဆောက်အဦးများ)၊ စီးပွားဖြစ်အရင်းအမြစ်များ (စိုက်ပျိုးသီးနှံများ)၊ သဘာဝ အရင်းအမြစ်များ ဟူ၍ (၃) မျိုးခွဲခြား တွေ့နိုင်ပါသည်။ မာခရော်ရှေ့ကျေးရွာတွင် အဓိက အသုံးပြုနေသော လူ့အရင်းအမြစ်များမှာ အိမ်၊ လမ်း၊ စာသင်ကျောင်း၊ မူကြိုကျောင်း၊ ဘုရားကျောင်း၊ ဆေးခန်း၊ ဓမ္မာရုံ၊ မိုးရေလှောင်ကန်၊ သခ ျုင်း၊ ရေကန်၊ ဘော်လုံးကွင်း၊ စပါးကျီ၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်း၊ ရိုးရာတံခွန်တိုင် တို့ကို တွေ့မြင်နိုင်ပါသည်။ မာခရော်ရှေ့ကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အဖြစ်အဓိကလုပ်ကိုင်သော စီးပွားရေးမှာ တောင်ယာဖြစ်ပြီး အချို့အိမ်ထောင်စုမှာ ကုန်စုံဆိုင်နှင့် အခြားအသေးစားကုန်သွယ်မှု လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ တောင်ယာတွင် အဓိက စိုက်ပျိုးသော သီးနှံများမှာ စပါး၊ မြေပဲ၊ ပြောင်းကောက်၊ ပြောင်းဖူး၊ ပဲ တို့ဖြစ်ပါသည်။ မာခရော်ရှေ့ကျေးရွာတွင် တွေ့မြင်နိုင်သော သဘာဝအရင်းအမြစ်မှာ ကျေးရွာပိုင် ကျွန်းတောများ၊ အိမ်ထောင်စုပိုင် ဝါးတောများ နှင့် တောင်ယာများ၊ ဖြစ်ပါသည်။ မာခရော်ရှေ့ကျေးရွာ တွင်ရှိသော လူ့အရင်းအမြစ်များ၊ စီးပွားဖြစ် အရင်းအမြစ်များ နှင့် သဘာဝအရင်းအမြစ်များမှာ ကျေးရွာအတွင်း ရှိလူဦးရေနှင့် နှိုင်းယှဉ်အသုံးပြုလျှင် ပိုလျှံနေခြင်းမရှိသော်လည်း အသင့်အတင့် အသုံးပြုရန် လုံလောက်မှုရှိပါသည်။ မာခရော်ရှေ့ကျေးရွာအတွင်းရှိသော သဘာဝအရင်းအမြစ်မှာ လွန်ခဲ့သော (၅)နှစ် မှ စ၍ ရွာလူဦးရေတိုးပွားလာမှု၊ မဆင်မခြင် သုံးစွဲမှုကြောင့် အရင်းအမြစ်မှာ တဖြည်းဖြည်းနည်းပါးလာခဲ့ပါသည်။ မိရိုးဖလာ လုပ်ကိုင်လာခဲ့သော တောင်ယာလုပ်ငန်းမှာလည်း ယခင်အချိန်က မည်သည့် ဓါတ်မြေဩဇာ မပါဘဲ သဘာဝမြေဩဇာဖြင့်သာ စိုက်ပျိုးဖြစ်ထွန်းခဲ့ကြ သော်လည်း ယခုအချိန်တွင်ဓါတုမြေဩဇာကို ပိုမိုအသုံးပြုလာခဲ့ခြင်းကြောင့် မြေဆီလွှာပျက်စီးမှု ပိုမို ဖြစ်ပေါ်လာပြီး ဓါတ်မြေဩဇာ အသုံးမပြုလျှင် စိုက်ပျိုးသီးနှံမှာ အထွက်နှုန်း နည်းပါးနေမှုကို ကြုံတွေ့ရ ပါသည်။ သို့သော် ယခုအချိန်တွင် ပြင်ပအဖွဲ့အစည်းများ၏ လာရောက်အသိပညာ ပေးခြင်းကြောင့် သဘာဝပတ်ဝန်းကျင်၏ တန်ဖိုးကို သိရှိလာကြပြီး ထိန်းသိမ်းမှုကို စတင်လုပ်ဆောင်လာခဲ့ကြပါသည်။

မာခရော်ရှေ့ကျေးရွာတွင် များသောအားဖြင့် ကယားလူမျိုးစုတစ်စုတည်းသာ စုပေါင်းနေထိုင် ကြပါသည်။ ကယားလူမျိုးစုသာနေထိုင်ကြသော်လည်း ကိုးကွယ်သောဘာသာမှာ ကွဲပြားမှုရှိပါသည်။ မာခရော်ရှေ့ကျေးရွာ၏ (၉၅%) အိမ်ထောင်စုမှာ ခရစ်ယာန်(ကက်သလစ်) ဘာသာကို ကိုးကွယ် ကြပါသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စု (၄ %)မှာ ရိုးရာတံခွန်တိုင်ကို ကိုးကွယ်ကြပြီး ကျန်ရှိသော အိမ်ထောင်စု (၁ %) မှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ပါသည်။ ကိုးကွယ်သည့်ဘာသာ ကွဲပြားသော်လည်း ကျေးရွာတွင်းရှိ သာရေး၊ နာရေး တွင် စုပေါင်းရိုင်းပင်း ကူညီလုပ်ဆောင်ကြပါသည်။

မာခရော်ရှေ့ကျေးရွာဧရိယာ၏ အရှေ့ဘက်တွင် ရေအရင်းအမြစ် စိပ်စမ်းရေထွက်ပေါက် ရှိပါသည်။ ၎င်းရေထွက်ပေါက်သည် ဒေါလောခူကျေးရွာဧရိယာနှင့် ထီးဘျားညေကျေးရွာဧရိယာ နှင့်လည်း

ထိစပ်နေပါသည်။ ၎င်းစိပ်စမ်းရေမှ သွယ်တန်းလာသောရေဖြင့် တစ်ရွာလုံးအသုံးပြုကြ ပါသည်။ သို့သော် နွေရာသီတွင် စိပ်စမ်းရေ ထွက်နှုန်းလျော့နည်းလာပြီး ကျေးရွာတွင်းရှိ လူဦးရေနှင့် တိရိစ္ဆာန်များ အသုံးပြုနိုင်ရန် လုံလောက်မှုမရှိပေ။ မိုးရာသီတွင် မိုးရေကိုကြိုတင်သိုလှောင်ထားရှိကြ သော်လည်း နွေရာသီ အသုံးပြုရာတွင် ပိုလျှံမှုမရှိပေ။ မာခရော်ရှေ့ကျေးရွာတွင် တိရိစ္ဆာန်များ အတွက် စားကျက်မြေကို သီးသန့် သတ်မှတ်ထားခြင်းမရှိပေ။ သို့သော် များသောအားဖြင့် ကျေးရွာ၏ အရှေ့ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်း၊ တောင်ဘက်ခြမ်းတွင် မြေလွတ်မြေရိုင်း အနည်းငယ်ရှိသော ကြောင့် တိရိစ္ဆာန်များ စားကျက်မြေ အဖြစ်ထိန်းကျောင်း ထားရှိကြပါသည်။

မာခရော်ရှေ့ကျေးရွာသည် လွိုင်ကော် - မော်ချီး အဝေးပြေးလမ်း ဆက်သွယ်ထား သောကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ အဆင်ပြေပါသည်။ မာခရော်ရှေ့ကျေးရွာသည် မြို့မကျ၊ တောမကျ အနေအထားတွင် တည်ရှိပါသည်။ မာခရော်ရှေ့ကျေးရွာတွင် ပညာတက်အနည်းငယ် ရှိပါသည်။ မာခရော်ရှေ့ကျေးရွာမှ ကျောင်းဆရာမ၊ အရံသားဖွားဆရာမ၊ ဘုန်းတော်ကြီး၊ သီလရှင်များ၊ အစိုးရ ဝန်ထမ်းများမွေးထုတ်နိုင်ခဲ့ပါသည်။

မာခရော်ရှေ့ကျေးရွာတွင် အဓိကကြုံတွေ့ရသော အခက်အခဲမှာ နွေရာသီတွင် ရေလုံလောက်မှုမရှိခြင်း၊ မိုးရာသီတွင် ကျေးရွာတွင်း သွားလာအသုံးပြုသော လမ်းမှာ ရွှံ့ဗွတ်ထူထပ်၍ အဆင်မပြေခြင်း၊ အစည်းအဝေးပြုလုပ်နိုင်ရန် နေရာခန်းမဆောင် သီးသန့်မရှိခြင်းကြောင့် ဘာသာရေး အဆောက်အဦး(ဓမ္မာရုံ) ကို အသုံးပြုနေရခြင်း၊ ဆေးပေးခန်းရှိသော်လည်း အချိန်ပြည့် ကျန်းမာရေး ဝန်ထမ်းမရှိခြင်း၊ ကျေးရွာတွင် အ.ထ.က ကျောင်းခွဲရှိသော်လည်း ကျောင်းသား၊ကျောင်းသားများ အတွက် လက်တွေ့ဆောင်မရှိခြင်း၊ ကျောင်းဆရာ၊မ အတွက် ဝန်ထမ်းအိမ်ယာ မရှိခြင်း၊ မူကြိုကျောင်း မှာ မျက်နှာကျက်မရှိ၊ ပြတင်းပေါက်မှာ ဆွေးမြေ့နေပြီး ကလေးငယ်များအတွက် လုံခြုံမှုမရှိပေ။ အမှိုက်ကို စနစ်တကျ စွန့်ပစ်နိုင်ရန် နေရာသီးသန့်မရှိခြင်းကြောင့် ကျေးရွာတွင် ပလပ်စတစ်အိတ်များ လေလွင့်နေခြင်း တို့ကို ကြုံတွေ့ရပါသည်။

မာခရော်ရှေ့ကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၏ သုံးသပ်ချက်အရ -

(၁) နွေရာသီတွင် ရေမလုံလောက်ခြင်း။

(၂) မိုးရာသီတွင် ကျေးရွာတွင်း မြေသားလမ်းမှာ အသုံးပြုမှုများခြင်းကြောင့် သွားလာရာ အဆင်မပြေခြင်း။

(၃) ကျန်းမာရေး ဆေးပေးခန်းရှိသော်လည်း အရေးပေါ် ဆေးဝါးထောက်ပံ့မှု မလုံလောက်ခြင်း။

(၄) လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမှုရှိခြင်းကြောင့် အသေးစားကုန်သွယ်မှုများ လုပ်ကိုင်မှု ကိုတွေ့ရှိခြင်း။

(၅) သဘာဝပတ်ဝန်းကျင်၏ ထိန်းသိမ်းရေး စနစ်ကိုသိရှိလာကြပြီး ပလပ်စတစ်အိတ်ကို စနစ်တကျစွန့်ပစ်သော ဓလေ့ကို ကျင့်သုံးလာကြခြင်း။


(၆) ပြင်ပအဖွဲ့အစည်းများ၏ လာရောက်အသိပညာပေးမှုများလာခြင်းကြောင့် သစ်တောထိန်းသိမ်း ရေးစနစ်ကို ကျင့်သုံးလာသည့် အပြင် ရွှေ့ပြောင်းတောင်ယာ စနစ်ကို လျှော့ချလာခြင်း။

မှတ်တမ်းတင်သူ

ဒေါ်မေရီ

(လူထုစည်းရုံးရေးမှူး)

## (၂) ရာသီခွင်ပြပြက္ခဒိန်



**ကျေးရွာ။ ။မာခရော်ရှေ့** **ရက်စွဲ။ ။၁၃. ၁၂. ၂၀၁၆**

**အုပ်စု ။ ။မာခရော်ရှေ့** **ပါဝင်ဆွေးနွေးသူ။ ။ကျား (၁၆) ဦး**

**မ ( ၁၆ )ဦး**

**ပေါင်း (၃၂) ဦး**

### ရာသီခွင်ပြက္ခဒိန်သုံးသပ်ချက်

ရာသီခွင် ပြက္ခဒိန်ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ မာခရောရှေ့ကျေးရွာ၏ တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် အပြောင်းအလဲများကို မှတ်တမ်းတင်ရန်၊ အိမ်ထောင်စုများ၏ မတူညီသောအခက်အခဲများကို သုံးသပ်ရန်၊ အချိန်အပိုင်းအခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကို သိရှိရန်၊ ရာသီဥတုနှင့်ပွဲတော် အခြေအနေများကို သိရှိလာစေရန် ရည်ရွယ်ပါသည်။

မာခရော်ရှေ့ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်အရ မာခရော်ရှေ့ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကြောင်းမှာ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံးလုပ်ကိုင်ကြပါသည်။ ရာသီအလိုက် သီးနှံပင်များ စိုက်ပျိုးသောကြောင့် ဇန်နဝါရီလတွင် နိုဝင်ဘာလမှ ထွက်ရှိသော မြေပဲ များကိုခြွေသိမ်းယူခြင်း၊ ဖေဖော်ဝါရီလတွင် တောင်ယာများကိုကြိုတင် ခုတ်ထွင်ရှင်းလင်းခြင်း၊ အိမ် (သို့မဟုတ်) ခြံစည်းရိုး အသုံးပြုရန်အတွက် ဝါးကို ကြိုတင်ခုတ်ထားခြင်း၊ မတ်လတွင် တောင်ယာခင်းတွင်

စိုက်ပျိုးနိုင်ရန်အတွက် အမှိုက်များ၊ သစ်ကိုင်းခြောက်များအား မီးရှို့ခြင်း၊ ဧပြီလတွင် ငှက်ပျောပင်များ စိုက်ပျိုးခြင်း၊ တောင်ယာခင်းခြံကာရံခြင်း၊ မေလတွင် တောင်ယာ ထွန်ယက်ခြင်း၊ ပြောင်းဖူး စိုက်ပျိုးခြင်း၊ ဇွန်လတွင် ပြောင်းကောက်စိုက်ပျိုးခြင်း၊ ဇူလိုင်လတွင် စပါးစိုက်ခြင်း၊ ဩဂုတ်လတွင် မြေပဲ စိုက်ပျိုးခြင်း၊ စက်တင်ဘာလတွင် စိုက်ပျိုးပြီးသော သီးနှံများအား ပေါက်ရှင်းခြင်း၊ အချို့သော အပင်များကို ဇူလိုင်လမတိုင်ခင် ပေါက်ရှင်းလင်းပေးရပါသည်။ အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် မြေပဲများ နှုတ်ခြင်း၊ စပါးရိတ်သိမ်းခြင်း၊ ပြောင်းဖူးများ သိမ်းခြင်း၊ ဒီဇင်ဘာလတွင် ကျန်သီးနှံများအားလုံးကို ရိတ်သိမ်းကြပါသည်။

မာခရော်ရှေ့ကျေးရွာသည် လွိုင်ကော် - မော်ချီး အဝေးပြေးဆက်သွယ်ထားသော လမ်းမပေါ်တွင် တည်ရှိပါသည်။ ကျေးရွာတွင်းဖေါက်လုပ်ထားသော လမ်းမှာ မြေသားလမ်း အမျိုးအစားဖြစ်ပါသည်။ကျေးရွာတွင်းလမ်းမှာ နိုဝင်ဘာလ မှ မေလ အထိ စက်၊ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ များအဆင်ပြေစွာ သွားလာအသုံးပြုနိုင်ပါသည်။ ဇွန်လ မှ အောက်တိုဘာလ အထိ မိုးရာသီဖြစ်ပြီး ကျေးရွာတွင်း နွားလှည်းများ၏ သွားလာမှုအသုံးပြုမှု၊ စက်၊ ထော်လာဂျီ များ၏ ဘီးယက်မှုကြောင့် လမ်းမှာ လူ၊ ဆိုင်ကယ်များ သွားလာ အသုံးပြုရာအတွက်ပင် ခက်ခဲပါသည်။

မာခရော်ရှေ့ကျေးရွာတွင် ကယားရိုးရာပွဲများ၊ ခရစ်ယာန်ဘာသာရေးပွဲများကို လစဉ်အလိုက် ကျင်းပကြပါသည်။ ဇန်နဝါရီလတွင် နှစ်သစ်ကူးပွဲနှင့် ကောက်သစ်စားပွဲများကျင်းပခြင်း၊ ဖေဖော်ဝါရီလ တွင်ခရစ်ယာန်ဘာသာ ပြာခံပွဲ၊ မတ်လတွင် ရိုးရာတောလိုက်ပွဲ၊ ဧပြီလတွင် ပါးစကာပွဲ၊ မေလတွင် ရိုးရာတံခွန်တိုင်ပွဲ၊ ဇူလိုင်လတွင် ခရစ်ယာန်ဘာသာ မိခင်ဖခင်ပွဲ၊ စက်တင်ဘာလနှင့် အောက်တိုဘာလ တွင်ရိုးရာဒီးကူပွဲကျင်းပကြခြင်း၊ နိုဝင်ဘာလတွင် သီချင်းပွဲ နှင့် ဒီဇင်ဘာလတွင် ခရစ်ယာန်ဘာသာ ခရစ္စမတ်ပွဲကို ကာလအလိုက်ပွဲတော်ကို ကျင်းပကြပါသည်။

မာခရော်ရှေ့ကျေးရွာတွင် ဖရူဆိုမှထားလဲသို့ ရေသွယ်ပိုက်လိုင်းတစ်ခုသွယ်တန်း ထားပါသည့် အပြင် ကျေးရွာ၏အရှေ့ဘက်တွင်ရှိသော စိပ်စမ်းရေထွက်ပေါက်မှ ရေကို သွယ်ယူအသုံးပြုကြ သော်လည်း မတ်လမှ မေလအထိ ရေထွက်အားနည်းခြင်းကြောင့် ကျေးရွာတွင်း ရေမရောက်ရှိနိုင်ပေ။ ဇန်နဝါရီလ မှ ဖေဖော်ဝါရီလ အထိသာ အသုံးနိုင်ပါသည်။ ဇွန်လမှ ဒီဇင်ဘာလအထိ မိုးရေကို သိုလှောင်ထားကြပြီး နွေရာသီတွင် လုံလောက်စွာ အသုံးပြုနိုင်ပါသည်။

မာခရော်ရှေ့ကျေးရွာတွင် ရာသီအလိုက်ဖြစ်ပွားတက်သော ရောဂါများအနည်းငယ် ရှိပါသည်။ အထူးသဖြင့် ဒီဇင်ဘာလတွင် ဖြစ်တက်သော နာစေး၊ ချောင်းဆိုးဖြစ်တက်ပြီး မတ်လမှ ဇွန်လတွင် မိုးအကူး နွေအကုန် ဖြစ်သောကြောင့် ကလေးငယ်များ ဝမ်းပျက်ဝမ်းလျှော ရောဂါများဖြစ်တတ်ပါ သည်။ ဇူလိုင်လမှ အောက်တိုဘာလတွင် မိုးရာသီဖြစ်သောကြောင့် တုတ်ကွေးရောဂါများဖြစ်တက်ပါ သည်။

မာခရော်ရှေ့ကျေးရွာသည် ရာသီ သီးနှံများသာ သီးနှံရိတ်သိမ်းပြီး ဇန်နဝါရီလ မှ ဧပြီလ အထိ ရိတ်သိမ်းထားသော သီးနှံများကို ရောင်းချခြင်းဖြင့် ဝင်ငွေရရှိကြပါသည်။ မာခရော်ရှေ့ကျေးရွာအတွင်း ရှိအိမ်ထောင်စုအနည်းငယ်မှာ အသေးစားကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ မာခရော်ရှေ့ ကျေးရွာတွင် အနွမ်းပါးဆုံးသော အိမ်ထောင်စုအနည်းငယ်မှာ လုပ်ကိုင်မှီခိုကြသော လုပ်ငန်းများမှာ တောင်ယာ အငှားလိုက်ခြင်းဖြစ်ပါသည်။ တစ်နှစ်တာဝင်ငွေ လုံလောက်မှုမရှိသော အချို့နွမ်းပါးသူ အိမ်ထောင်စုမှာ တောင်ယာအငှားလိုက်ခြင်းမှ ရရှိသော လုပ်အားခ စုဆောင်းရငွေနှင့် တောင်ယာ အနည်းအကျဉ်းလုပ်၍ ရရှိလာသော စပါးများကို ရောင်းချခြင်းမပြုဘဲ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံအောင် ချွေတာ စားသုံးခဲ့ကြပါသည်။ မာခရော်ရှေ့ကျေးရွာတွင် အိမ်ထောင်စုအများစုမှာ တစ်ပိုင်တစ်နိုင် မွေးမြူထားသော ကြက်၊ ဝက် တို့ကိုရောင်းချခြင်းလည်း ပြုလုပ်ကြပါသည်။

အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သောပြဿနာအခက်အခဲမှာ (ဥပမာ - မုဆိုးမဦးဆောင် ရသော အိမ်ထောင်စု၏ အဓိကတောင်ယာ လုပ်ငန်းတွင် အမျိုးသားအင်အားဖြင့်ပြုလုပ်ရသော အရာတွင် ယောကျာ်းမရှိခြင်းကြောင့် အခက်အခဲရှိပါသည်။ မာခရော်ရှေ့ကျေးရွာတွင်းရှိ အမျိုးသမီး အများစုမှာ

တောင်ယာလုပ်ငန်းဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ ကျေးရွာတွင်း နေ့စားလုပ်အားခ တစ်ရက်နှုန်းထားမှာ (၄၀၀၀) ကျပ်ဖြစ်ပြီး အလုပ်ပေါချိန်ဖြစ်သည့် ရိတ်သိမ်းချိန်တွင် လုပ်အားခမှာ (၇၀၀၀)ကျပ်အထိ တိုးငှားရမ်းကြပါသည်။ မာခရော်ရှေ့ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးလုပ်အားခမှာ တန်းတူရရှိကြပါသည်။ အမျိုးသမီးများ၏ အဓိက အသက်မွေးဝမ်းကြောင်း လုပ်ငန်းနှင့်ပတ်သက်သော ပြဿနာ၊ အခက်အခဲမှာ တောင်ယာစိုက်ပျိုးရေး၊ တစ်ပိုင်တစ်နိုင် မွေးမြူရေး နည်းပညာ အားနည်းခြင်းကြောင့် ဖြစ်ပါသည်။

မာခရော်ရှေ့ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက် အရ -

(၁) စိုက်ပျိုးရေးလုပ်ငန်း အသင့်အတင့် အောင်မြင်ခြင်း။

(၂) ရိုးရာဓလေ့ပွဲ၊ ဘာသာရေးပွဲတော်များကို အထွက်အမြတ်ထား ကျင့်ပကြခြင်း။


(၃) နွားလှည်း၊ စက်၊ ထော်လာဂျီ များ၏အသုံးမှုကြမ်းတမ်းခြင်းကြောင့် မိုးရာသီတွင် ကျေးရွာတွင်း မြေသားလမ်း အသုံးပြုရန် ခက်ခဲခြင်း။

(၄) ရာသီအလိုက် ဖြစ်ပေါ်တတ်သော ရောဂါများကို ကြိုတင်ကာကွယ်မှုများပြုလုပ်လာကြခြင်း။

(၅) ကျေးရွာ၏ ဝင်ငွေအများဆုံးသော လမှာ ဇန်နဝါရီလမှ ဧပြီလ အထိဖြစ်ပြီး ရိတ်သိမ်းရသော သီးနှံများကို ရောင်းချကြခြင်း။

မှတ်တမ်းတင်သူ
ဒေါ်အယ်လိဇဘတ်
လူထုစည်းရုံးရေးမှူး

## (၃) ဉစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း



### ဉစ္စခနေကြွယ်ဝမှုအဆင့်သတ်မှတ်မှုပြဇယား

| | | | |
|---|---|---|---|
| **ကျေးရွာ။** | **။မာခရော်ရှေ့** | **ရက်စွဲ။** | **။၁၃ . ၁၂. ၂၀၁၆** |
| **အုပ်စု ။** | **။မာခရော်ရှေ့** | **ပါဝင်ဆွေးနွေးသူ။** | **။ကျား (၁၆) ဦး** |
| | | | **မ (၁၆) ဦး** |
| | | | **ပေါင်း (၃၂) ဦး** |

### ဉစ္စာခနေအဆင့်သတ်မှတ်မှုသုံးသပ်ချက်

ဉစ္စာခန အဆင့်သတ်မှတ်မှု့ပြဇယား ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ မာခရော်ရှေ့ကျေးရွာ တွင်ရှိသော ချမ်းသာသောအုပ်စု၊ ထိခိုက်လွယ်သောအုပ်စု၏ ပိုင်ဆိုင်မှုများအား သိရှိနားလည်စေရန် နှင့် စီမံကိန်း လုပ်ငန်းရေးဆွဲရာတွင် လူနည်းစုများပါဝင်လာစေရန် နှင့် ၎င်းတို့၏ လိုအပ်ချက်များကို မြင်သာစေရန် ရည်ရွယ်ပါသည်။

မာခရော်ရှေ့ကျေးရွာ၏ ဉစ္စာခနေအဆင့်သတ်မှတ်ခြင်းပြဇယားအရ မာခရော်ရှေ့ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု၊ အသင့်အတင့်ရှိသော အိမ်ထောင်စု၊ နွမ်းပါးသော အိမ်ထောင်စုဟူ၍ (၃)မျိုးခွဲခြား တွေ့မြင်နိုင်ပါသည်။ မာခရော်ရှေ့ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၉၇)စု ရှိသည့်အနက် အဆင်ပြေသောအိမ်ထောင်စုမှာ (၁၀) ရာခိုင်နှုန်းရှိပြီး ကျေးရွာလူထု၏ သတ်မှတ်ချက်မှာ ဝင်ငွေအပို ရှာနိုင်ခြင်း (အလုပ်ကြိုးစားခြင်း)၊ အရင်းအနှီးစိုက်ထုတ်နိုင်ခြင်း၊ အရင်းအမြစ်ခံရှိခြင်း၊ တောင်ယာခင်း များခြင်း၊ စက်ကိရိယာပိုင်ဆိုင်မှုများခြင်း (ကိုင်းရှည်၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ မျိုးစေ့ချွေစက်)၊ ကုန်စုံဆိုင်ဖွင့်နိုင်ခြင်း၊ မွေးမြူရေးတွင် အခြားသူများထက် ပိုသာခြင်း (ကျွဲ၊ နွား) တို့ဖြစ်ပါသည်။

မာခရော်ရှေ့ကျေးရွာ၏ အိမ်ထောင်စု (၁၅) ရာခိုင်နှုန်းမှာ အသင့်အတင့်ရှိသော အိမ်ထောင်စုတွင် ပါဝင်နေပါသည်။ အသင့်အတင့်ရှိသော အိမ်ထောင်စုတွင် ကျေးရွာလူထု၏ သတ်မှတ်ချက်မှာ ၎င်းအိမ်ထောင်စုတွင် အစိုးရ လုပ်ငန်းတွင် လုပ်ကိုင်သည့် မိသားစုပါဝင်းခြင်း၊ သား၊သမီးမှာ လူလွတ်များပြီး အလုပ်အကိုင် အဆင်ပြေခြင်း၊ စက်ကိရိယာ ပိုင်ဆိုင်ထားမှုရှိရှိခြင်း (ကိုင်းရှည်၊ ထော်လာဂျီ၊ ဆိုင်ကယ်)၊ တောင်ယာခင်းရှိသော်လည်း အရင်းအနှီး မစိုက်ထုတ်နိုင်ခြင်း၊ ကျွဲ၊ နွား အနည်းငယ်ရှိခြင်း၊ သား၊သမီးများ အခြားတိုင်းတစ်ပါးတွင် အလုပ်သွားသောကြောင့် ဝင်ငွေ ပိုရခြင်း တို့ဖြစ်ပါသည်။ မာခရော်ရှေကျေးရွာ၏ အိမ်ထောင်စု (၅၄) ရာခိုင်နှုန်းမှာ နွမ်းပါးသော အိမ်ထောင်စု တွင်ပါဝင်နေပါသည်။ အဓိက နွမ်းပါးရသည့် အကြောင်းရင်းမှာ မိသားစုတွင် ကျောင်းနေကလေး အရွယ်များပြားခြင်း၊ တောင်ယာခင်းများသော်လည်း အရင်းအနှီးမရှိခြင်း၊ အပိုဝင်ငွေ မရှိခြင်း၊ သက်ကြီးရွယ်အို များနေခြင်း၊ ကျန်းမာရေး ချို့တဲ့ခြင်း၊ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေသော မွေးမြူရေးဖြစ်သည့် ကျွဲ၊ နွား မရှိခြင်း၊ စိုက်ပျိုးထားသည် သီးနှံမှာအရင်းအနှီး မစိုက်ထုတ်နိုင် ခြင်းကြောင့် ဖြစ်ထွန်းအောင်မြင်မှု နည်းပါးခြင်း၊ တစ်နစ်စာဝမ်းစာဖူလုံမှုမရှိခြင်း၊ ဝင်ငွေမှာတောင်ယာ အငှားလိုက်ခြင်းပေါ်တွင် မှီခိုနေရခြင်း တို့ကြောင့်ဖြစ်ပါသည်။

မာခရော်ရှေ့ကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများကို ကျေးရွာဖွံ့ဖြိုးရေးတွင် ပါဝင်လာနိုင်စေရန်အတွက် ၎င်းတို့နှင့်တိုက်ရိုက်အကျိုးခံစားခွင့် ရရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းကို ပိုမို စိတ်ဝင်စားကြပါသည်။ ဥပမာ - နွမ်းပါးသော အိမ်ထောင်စုအတွက် စိုက်ပျိုးရေးတွင်အရင်းအနှီး စိုက်ထုတ်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးဖြစ်စေသော လက်မှု ပညာ၊ စိုက်ပျိုးရေးနည်းပညာကို ပိုမို စိတ်ဝင်စားကြပါသည်။

မာခရော်ရှေ့ကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်မှုပြဇယား၏ သုံးသပ်ချက်အရ -

(၁) မာခရော်ရှေ့ကျေးရွာတွင် အိမ်ထောင်စု၏ (၁၀၀) ရာခိုင်နှုန်း မှာ နွမ်းပါးသော အိမ်ထောင်စု (၅၃) ရာခိုင်နှုန်း ရှိနေခြင်း။

(၂) တောင်ယာခင်းများသော်လည်း လုပ်ကိုင်နိုင်ရန် အရင်းအနှီးမစိုက်ထုတ်နိုင်ခြင်း။


(၃) နွမ်းပါးသော အိမ်ထောင်စုတွင် ကျောင်းနေအရွယ် ကလေးငယ်များပြားနေခြင်း။

(၄) နွမ်းပါးသော အိမ်ထောင်စုတွင် သက်ကြီးရွယ်အိုများခြင်း၊ ကျန်းမာရေး ချူချာမှုများခြင်း။

(၅) ပြင်ပအသိပညာ၊ ဗဟုသုတ နှင့် ထိတွေ့မှုအားနည်းခြင်း။

မှတ်တမ်းတင်သူ
ဒေါ်မေရီ
(လူထုစည်းရုံးရေးမှုး)

## (၄) ကျားမပင့်ကူအိမ်သုံးသပ်ခြင်း



**ကျားမပင်းကူအိမ်သုံးသပ်ခြင်း**

| | | | |
|---|---|---|---|
| **ကျေးရွာ။** | **။မာခရော်ရှေ့** | **ရက်စွဲ။** | **။၁၃.၁၂.၂၀၁၆** |
| **အုပ်စု ။** | **။မာခရော်ရှေ့** | **ပါဝင်ဆွေးနွေးသူ။** | **။ကျား (၁၆)ဦး** |
| | | | **မ (၁၆) ဦး** |
| | | | **ပေါင်း (၃၂) ဦး** |

## ပင်းကူအိမ်သုံးသပ်ချက်

ပင်းကူအိမ်သုံးသပ်ခြင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မာခရော်ရှေ့ကျေးရွာအတွင်းရှိ အမျိုသားနှင့် အမျိုးသမီးများ၏ လူမှုရေးတွင် ပါဝင်မှုအခန်းကဏ္ဍများအား သိရှိမြင်သာစေရန်နှင့် စွမ်းဆောင်ရည်များအား သိရှိမြင်သာစေရန် ရည်ရွယ်ပါသည်။

မာခရော်ရှေ့ကျေးရွာ၏ ကျား၊ မ ပင်းကူအိမ်သုံးသပ်ချက်အရ မာခရော်ရှေ့ကျေးရွာအတွင်းရှိ အမျိုးသားနှင့်အမျိုးသမီးများသည် အခွင့်အလမ်းနှင့် ပတ်သက်၍ ကျား၊ မတန်းတူ ရရှိပါသည်။ မာခရော်ရှေ့ကျေးရွာအတွင်းရှိ သာရေး၊ နာရေး များတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပူးပေါင်းပါဝင်နေခြင်းကို တွေ့ရပါသည်။ မာခရော်ရှေ့ကျေးရွာတွင်းရှိ အမျိုးသား များသည် အမျိုးသမီးများထက် စွမ်းအားအသုံးချမှု၊ ပညာရေးနှင့် လူမှုရေးအခြေအနေများတွင် အမျိုးသားများက ပိုမိုဦးဆောင်နေခြင်းကို လေ့လာတွေ့ရှိပါသည်။ အိမ်တွင်းမှုလုပ်ငန်းတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမို စွမ်းဆောင်နေရခြင်းကို တွေ့ရှိရပါသည်။ မာခရော်ရှေ့ကျေးရွာတွင်း အရင်းအမြစ်များကိုအမျိုးသား၊ အမျိုးသမီးမျာ တန်းတူ အသုံးပြုကြသော်လည်း များသောအားဖြင့် အမျိုးသားများသာ ထိန်းချုပ် ဆုံးဖြတ်ချက်ချကြပါသည်။ စိုက်ပျိုးရေး၊ အိမ်တွင်းစီးပွားရေး၊ ဝင်ငွေရှာဖွေမှု တွင်လည်း အမျိုးသားများသာ ဦးဆောင်ကြပါသည်။ မာခရောရှေ့ကျေးရွာတွင်း အမျိုးသား၊ အမျိုးသမီး အတန်းပညာအရည်အချင်းမှာ တန်းတူရရှိကြပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုတွင် အမျိုးသမီးများသည် အမျိုးသားများထက် လက်လှမ်းမှီမှု ပိုမိုရရှိကြပါသည်။

မာခရော်ရှေ့ကျေးရွာတွင်းရှိ အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာ ရာနှုန်းပြည့်အချိန်ပေး ရခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်း၊ အရင်းအမြစ်ထိန်းချုပ်မှု၊ ကျေးရွာတွင်း သာရေး၊ နာရေးတွင် ပူးပေါင်းပါဝင်မှု၊ ဦးဆောင်ဆုံးဖြတ်ချက်ချမှုတွင် အားနည်းနေပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမှီသော်လည်း အိမ်တွင်းရေးတွင်သာ အချိန်ပေးမှုများသောကြောင့် စီးပွားဝင်ငွေရှာဖွေ ရာတွင်အားနည်းနေပါသည်။

အမျိုးသမီးများအဓိက ရင်ဆိုင်နေရသည့် အခက်အခဲပြဿနာမှာ ပညာရေးလက်လှမ်းမှီမှု အားနည်းခြင်း ရိုးရာအစဉ်အလာများ စိုးမိုးထားခြင်း၊ အရက်အကြောက်တရားကြီးစိုးခြင်းတို့ကြောင့် ဖြစ်ပါသည်။ အမျိုးသမီးများဘဝတိုးတက်မြင့်မားလာစေရန် ရိုးရာဓလေ့နှင့် လျော်ညီသော အယူအဆ (ပြောင်းလဲသင့်သော အရာများ) များပြုပြင်ရန် လိုအပ်နေပါသေးကြောင်း သုံးသပ်ထားပါသည်။

မာခရော်ရှေ့ကျေးရွာတွင်း အမျိုးသမီးများ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်လာစေရန် အမျိုးသားများမှ တာဝန်ခွဲဝေယူမှု၊ အသိပညာပေးဆွေးနွေးခြင်း၊ အမျိုးသမီးများ၏ ဦးဆောင်မှုကို လက်ခံလေးစားပေးခြင်း၊ လုပ်ပိုင်ခွင့်နှင့် လုပ်အားခ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ရန် လိုအပ်နေပါသေးကြောင့် သုံးသပ်ထား ပါသည်။

မာခရော်ရှေ့ကျေးရွာ၏ ကျား၊ မ ပင်းကူအိမ် သုံးသပ်ချက်အရ -

(၁) အမျိုးသမီးများ အိမ်တွင်းမှုတွင် ပိုမိုဦးဆောင်နေရခြင်း။

(၂) ရိုးရာဓလေ့၊ အယူအဆ များအားယခုထိတိုင် အစွဲအလမ်းရှိနေသေးခြင်း။

(၃) ပူးပေါင်းပါဝင်မှု အားကောင်းသော်လည်း ဦးဆောင်ဆုံးဖြတ်ချက်ချမှုရာတွင် အားနည်း သေးခြင်း။


(၄) ကျန်းမာရေးစောင့်ရှောက်မှု့တွင် အမျိုးသမီးများသည် အမျိုးသားများထက် လက်လှမ်းမှီမှု့ ပိုမိုရရှိပါသည်။

မှတ်တမ်းတင်သူ

ဒေါ်အယ်လိဇဘတ်

(လူထုစည်းရုံးရေးမှူး)

## (၅) အရင်းအမြစ်သုံးစွဲထိန်းချုပ်မှုပြဇယား



### အရင်းအမြစ်သုံးစွဲထိန်းချုပ်မှုသုံးသပ်ချက်

| | | | |
|---|---|---|---|
| **ကျေးရွာ။** | **။မာခရော်ရှေ့** | **ရက်စွဲ။** | **။၁၃.၁၂.၂၀၁၆** |
| **အုပ်စု ။** | **။မာခရော်ရှေ့** | **ပါဝင်ဆွေးနွေးသူ။** | **။ကျား ( ၁၆ )ဦး** |
| | | | **မ ( ၁၆ ) ဦး** |
| | | | **ပေါင်း (၃၂) ဦး** |

### အရင်းအမြစ်သုံးစွဲထိန်းချုပ်မှုပြသုံးသပ်ချက်

အရင်းအမြစ်များသုံးစွဲထိန်းချုပ်မှုပြဇယား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မာခရော်ရှေ့ ကျေးရွာတွင် ရှိသော အရင်းအမြစ်များကို အမျိုးသား၊ အမျိုးသမီးများ ပိုင်ဆိုင်ထားရှိနေခြင်းကို သိရှိစေရန်၊ ကျေးရွာတွင်း အခက်အခဲများ၊ ဦးစားပေးအဆင့်များ၊ လိုအပ်ချက်များနှင့် ပတ်သက်ပြီး ကွဲပြားခြားနားမှုများကို သိရှိနားလည်စေရန် ရည်ရွယ်ပါသည်။

မာခရော်ရှေ့ကျေးရွာ၏ အရင်းအမြစ်များ သုံးစွဲထိန်းချုပ်မှုပြဇယား၏ သုံးသပ်ချက်အရ မာခရော်ရှေ့ကျေးရွာတွင် သဘာဝအရင်းအမြစ်နှင့် လူ့အရင်းအမြစ်ဟူ၍ (၂) မျိုးတွေ့ရပြီး အရင်းအမြစ်သုံးစွဲမှု နှင့် ထိန်းချုပ်ထားရှိမှုကို (၃) မျိုးကွဲခြား တွေ့မြင်နိုင်ပါသည်။ မာခရော်ရှေ့ကျေးရွာတွင် တွေ့မြင်နိုင်သော သဘာဝအရင်းအမြစ်များမှာ တောင်ယာ၊ ကျောက်တောင်၊ ရေအရင်းအမြစ်၊ သစ်တော၊ သဲတောင်၊ မြေလွှတ်မြေရိုင်းအနည်းငယ် နှင့် ဝါးတောများဖြစ်ပါသည်။

မာခရော်ရှေ့ကျေးရွာတွင် တွေ့မြင်နိုင်သော လူ့အအရင်းအမြစ်များမှာ အိမ်တွင်း ပုလိုင်းယက်လုပ်ခြင်း၊ ဝါးကပ်ယက်လုပ်ခြင်း၊ ရိုးရာတံခွန်တိုင်၊ ရိုးရာတောလိုက်ခြင်း၊ ရိုးရာကြက်ရိုးထိုးခြင်း၊ စက်ကိရိယာများ၊ ရိုးရာအထည်ယက်လုပ်ခြင်း (ချုပ်လုပ်ခြင်း)၊ ရိုးရာကေ့လဲ့၊ ကျောင်းဆရာ/မ၊ ကျန်းမာရေးဆရာမ၊ ရဟန်း/သီလရှင်၊ အစိုးရဌာနဆိုင်ရာများ၊ မူကြိုကျောင်း၊ ဘုရားကျောင်း၊ စာသင်ကျောင်း၊ အိမ်မွေးတိရိစ္ဆာန်(ကျွဲ၊ နွား၊ ကြက်၊ ဝက်) တို့ဖြစ်ပါသည်။

မာခရော်ရှေ့ကျေးရွာတွင် အမျိုးသားသီးသန့် အသုံးပြုနေသော အရင်းအမြစ် များမှာ အိမ်တွင်းဖြစ်ပုလိုင်းယက်လုပ်ခြင်း၊ ဝါးကပ်၊ ရိုးရာတံခွန်တိုင်၊ ရိုးရာတောလိုက်ခြင်း၊ စက်ပိုင်းဆိုင်ရာတို့ဖြစ်ပြီး ၎င်းတို့ကသာ အဓိကထိန်းချုပ်ထားကြပါသည်။ မာခရော်ရှေ့ကျေးရွာတွင် အမျိုးသမီးများအဓိကအသုံးပြုနေသော အရင်းအမြစ်များမှာ ရိုးရာအထည်ယက်လုပ်ခြင်း (ချုပ်လုပ်ခြင်း) ဖြစ်ပြီး ၎င်းတို့ကသာ ထိန်းချုပ်ထားပါသည်။ မာခရော်ရှေ့ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးနှစ်ဦးလုံးအသုံးပြုနေသော အရင်းအမြစ်များမှာ သဲတောင်၊ ကျောက်တောင်၊ သစ်တော၊ ရေထွက်ပေါက်၊ တောင်ယာ၊ ကျောင်းဆရာ/မ၊ ကျန်းမာရေးဆရာမ၊ ရဟန်း/သီလရှင်၊ အစိုးရဌာနဆိုင်ရာဝန်ထမ်းများ၊ မူကြိုကျောင်း၊ စာသင်ကျောင်း၊ ဘုရားကျောင်း၊ ရိုးရာကေ့လဲ့၊ အိမ်မွေးတိရိစ္ဆာန်များ (ကြက်၊ ဝက်၊ နွား၊ ကျွဲ)တို့ဖြစ်ပါသည်။ ၎င်းအရင်းအမြစ်များကို အမျိုးသား၊ အမျိုးသမီးများတန်းတူ အသုံးပြု ထိန်းချုပ်ထားသော်လည်း များသောအားဖြင့် အမျိုသားများသာ ဦးဆောင်ဖြတ်ချက်ချကြပါသည်။ အမျိုးသမီးများသည် ဆွေးနွေးအကြံပေးမှုများဖြင့်သာ ပါဝင် ဆောင်ရွက်နိုင်ပါသည်။

မာခရော်ရှေ့ကျေးရွာ၏ အရင်းအမြစ်များ သုံးစွဲထိန်းချုပ်မှု့ပြဇယား၏ သုံးသပ်ချက်အရ -

(၁) ကျေးရွာတွင်း လူ့အရင်းအမြစ်များ၊ သဘာဝအရင်းအမြစ်များကို ကျား၊မ တန်းတူ အသုံးပြုကြ ခြင်း။

(၂) ကျေးရွာတွင်း အရင်းအမြစ်များကို ကျား၊ မ တန်းတူ ထိန်းချုပ်ထားကြသော်လည်း များသောအားဖြင့် အမျိုးသားများဦးဆောင်ဆုံးဖြတ်ချက်ချကြပါသည်။

(၃) အချို့သော အရင်းအမြစ်များအပေါ် အမျိုးသမီးများမှ အကြံပြုဆွေးနွေးမှု့များ ပေးနိုင်ခြင်း။

(၄) အချို့သော အမျိုးသမီးများမှာ အိမ်တွင်းမှု့တွင် အချိန်ပိုပေးနေရခြင်းကြောင့် ပြင်ပဗဟုသုတ နှင့် ထိတွေ့မှု အားနည်းခြင်း။


(၅) အချို့သော အမျိုးသမီးများမှာ အမျိုးသားများနည်းတူ ဦးဆောင်ဆုံးဖြတ်ချက်ချမှု့တွင် လုပ်ဆောင်နိုင်ခြင်း။

မှတ်တမ်းတင်သူ

ဒေါ်မေရီ

(လူထုစည်းရုံးရေးမှူး)

## (၆)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ




**အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ**

**ကျေးရွာ။ ။မာခရော်ရှေ့** **ရက်စွဲ။ ။၁၃. ၁၂. ၂၀၁၆**

**အုပ်စု ။ ။မာခရော်ရှေ့** **ပါဝင်ဆွေးနွေးသူ။ ။ကျား (၁၆) ဦး**

**မ (၁၆) ဦး**

**ပေါင်း (၃၂) ဦး**

### အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံသုံးသပ်ချက်

အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မာခရော်ရှေ့ကျေးရွာအတွင်းရှိကွဲပြားခြားနားသော အုပ်စုများ၊ အဖွဲ့အစည်းများနှင့် ပြင်ပမှ အဖွဲ့အစည်းများ အချင်းချင်း အပြန်အလှန် ချိတ်ဆက်အကျိုးပြုပုံကို သိရှိစေရန် ရည်ရွယ်ပါသည်။

မာခရော်ရှေ့ကျေးရွာတွင် ကျေးရွာမှ ဖွဲ့စည်းထားသော အဖွဲ့များ၊ အခြားပြင်ပမှ လာရောက်ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့ဟူ၍ (၂) မျိုးတွေ့နိုင်ပါသည်။ မာခရော်ရှေ့ကျေးရွာအတွင်းမှ ဖွဲ့စည်းထားသော အဖွဲ့ပေါင်း (၁၃) ဖွဲ့ ရှိပြီး ကျေးရွာ၏လိုအပ်ချက်များဖြစ်သော ကျန်းမာရေး၊ ဘာသာရေး၊

ပညာရေး၊ ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအား လုပ်ဆောင်နိုင်ရန် အတွက် အမျိုးသမီး၊ အမျိုးသား ကျ၊အလိုက် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် သတ်ဆိုင်ရာ ကော်မတီဝင်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ မာခရော်ရှေ့ကျေးရွာကို ပြင်ပမှ လာရောက်ချိတ်ဆက်သောအဖွဲ့အစည်း ပေါင်း (၅) ဖွဲ့ရှိပြီး အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ၊ အခြားပညာပေးရေး လုပ်ငန်းများ၊ ကျန်းမာရေး ဆိုင်ရာများအတွက် ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါသည်။ အခြား အစိုးရမဟုတ်သော အဖွဲ့ (NGO) အဖွဲ့အစည်းများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လာရောက် အကောင်အထည် ဆောင်ရွက်ပေးလျက် ရှိပါသည်။

မာခရော်ရှေ့ကျေးရွာအတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် အဓိကဦးဆောင်ရပါသည်။ CA အသင်း၊ သံတာအားနာအသင်း၊ မယ်တော်သမီး အသင်း၊ လူငယ်အဖွဲ့၊ သက်ထွေးလူငယ်အဖွဲ့တို့မှာ ဘာသာရေးအဖွဲ့အစည်းများဖြစ်ကြပြီး ရပ်ရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး နှင့် ဆက်စပ်သော အရာများတွင် အဓိက ဦးဆောင်ပါဝင်ကြပါသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာ၏ လိုအပ်ချက်အရ ကျေးလက်ဦးစီးဌာနရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ EPC ရုံးတို့နှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးကို လုပ်ဆောင်ပေးပါသည်။ ကျေးရွာတွင်းလမ်းများ၊ ရေရရှိရေး၊ မီးလင်းရေး၊ အဆောက်အဦးတိုးချဲ့ရေးများရှိပါက လူထုဗဟိုပြု စီမံကိန်းရုံးနှင့် ချိတ်ဆက်ကာ လုပ်ဆောင်ကြပါသည်။ ကလေးသူငယ်ပညာရေးနှင့် ဆက်စပ်လာပါက Save The Children တို့နှင့်လည်း ချိတ်ထားခြင်း၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး KNPP ဆေးကျောင်းပိုးအိတ် အဖွဲ့နှင့်လည်း အသီးသီး ချိတ်ဆက်ဆောင်ရွက်ထားရှိကြပါသည်။

မာခရော်ရှေ့ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက် အရ -

(၁) မာခရော်ရှေ့ကျေးရွာတွင် ဘာသာရေးအဖွဲ့နှင့် ကျေးရွာရှိ သက်ကြီးရွယ်အိုများ၊ ထိခိုက်လွယ်အုပ်စုများ ပါဝင်သည့် ကော်မတီဝင် အဖွဲ့များ ဖွဲ့စည်းထားခြင်း။

(၂) ကျေးရွာတွင်း အဖွဲ့အစည်းများနှင့် ပြင်ပမှ ဖွံ့ဖြိုးရေး လုပ်ဆောင်သည့် အဖွဲ့အစည်းများ ကောင်းမွန်စွာ ချိတ်ဆက်ထားရှိခြင်း။

(၃) ကျေးရွာတွင်း ဖွဲ့စည်းထားသော အဖွဲ့အသီးသီးမှ ကော်မတီဝင်များသည် ကျ၊အလိုက် ပါဝင်လုပ်ဆောင်နေခြင်း။

မှတ်တမ်းတင်သူ
ဒေါ်အယ်လိဇဘတ်
(လူထုစည်းရုံးရေးမှူး)

## ၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်း၊ ဓါတ်ပုံများ၊ကျေးရွာအစည်းအဝေးနှင့် PRA Tools များအသုံးပြု၍အချက်အလက်ကောက်ခံခြင်း





## ၈။မာခရော်ရှေ့ကျေးရွာ၏စီမံကိန်းအထောက်အကူပြုကျေးရွာကော်မတီဝင်များစာရင်း



| စဉ် | အမည် | ကျား/မ | | ရာထူး/ တာဝန် |
|---|---|---|---|---|
| ၁ | ဦးဆော်ရယ် | ကျား | | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၂ | ဒေါ်ပလျားမာ | | မ | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၃ | ဦးဖဲဘူး | ကျား | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၄ | ဒေါ်ညားမာ | | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၅ | ဦးကိုရယ် | ကျား | | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဒေါ်ရှားမာ | | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၇ | ဦးရှားရယ် | ကျား | | လည်ပတ်ရေးနှင့်ပြင်/ထိန်းဆပ်ကော်မတီ |
| ၈ | ဒေါ်ဌေးမိုး | | မ | လည်ပတ်ရေးနှင့်ပြင်/ထိန်းဆပ်ကော်မတီ |
| ၉ | ဦးဆန်းဒြို | ကျား | | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၁၀ | ဒေါ်တီမိုး | | မ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၁၁ | ဦးဆူရယ် | ကျား | | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်မီမာ | | မ | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၃ | ဦးလိရယ် | ကျား | | ကျေးရွာစာရင်းကိုင် |
| | **ကော်မတီဝင်စုစုပေါင်း** | ၇ | ၆ | **၁၃ယောက်** |

# ၉။ကျေးရွာအချက်အလက်( ပုံစံ-၁ )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆


ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်၊ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်၊ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်၊ | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးသူရေ | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် 09-455961032 | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်အောင်ဖြူ[illegible] | |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု မာခရော်ရှေ့ | ကျေးရွာ မာခရော်ရှေ့ |

တ၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၉၂ | ဘာသာ (၁) ခရစ်ယာန် | ၉၂ |
| လူမျိုးစု (၂) ---------- | | ဘာသာ (၂) ဗုဒ္ဓ | ၁ |
| လူမျိုးစု (၃) ---------- | | ဘာသာ (၃) ---------- | |
| လူမျိုးစု (၄) ---------- | | | |
| လူမျိုးစုရော ကယား+ဗမာ | ၁ | ဘာသာရော ခရစ်ယာန်+ဗုဒ္ဓ | ၁ |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား ၄, မ ၁ ] ၅ ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား ၆, မ ၁၂ ] ၁၈ ဦး | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယား | ၂၆၁ | ၂၇၁ |
| လူမျိုးစု (၂) ---------- | | |
| လူမျိုးစု (၃) ---------- | | |
| လူမျိုးစု (၄) ---------- | | |
| လူမျိုးစု (၅) ---------- | | |
| အိမ်ထောင်ဦးစီး | ၈၀ | ၁၂ |



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၀၀.၂၀၁၆

(ခ) အခြေခံအဆောက်အအုံ အလုံအလောက်ရှိမှု

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ✓ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ✓ | ဆေးပေးခန်း | ✓ | ခရစ်ယာန်ကျောင်း | ✓ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် အခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ✓ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ✓ | ☐ |
| အထက်တန်းပြဆရာ/မ | ✓ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ✓ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ✓ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ✓ | လျှပ်စစ်ကျွမ်းကျင်၊ ဒီးသမား | ✓ | ☐ |
| မူကြိုဆရာ/မ | ✓ | ☐ | သားဖွားဆရာမ | ✓ | ☐ | ရေတိုက်သွယ်သူ | ✓ | ☐ |
| အခြား | ☐ | ☐ | မြို့နယ်သူကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ✓ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

ကျောက်စင်းလမ်း မြေသားလမ်း လှည်းသွားလမ်း အခြား ____________

လူထုဝဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဝဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ~~(ရှိပါသည်)~~/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၅/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၉ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန်- ၃၀ မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------

မိုးရာသီတွင်ကြာချိန်--- ၄၀ မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား၊

(☐ မရှိပါ) ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဝဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား၊

(၁) Save the Children၊ Ngein foundation

(၂) C.D.D' [illegible]


ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၁၃.၁၂.၂၀၁၆

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၁၃.၁၂.၂၀၁၆

# ၁၀။စီမံချက်စက်ဝန်းအချိန်ဇယား( ပုံစံ -၂)



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - ၀ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်၊ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်၊


စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ငေါ်မေရီ

နေ့စွဲ ၁၃.၁၂.၂၀၁၆

စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု မာခရော်ရှေ | ကျေးရွာ မာခရော်ရှေ

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၃.၁၂.၂၀၁၆ | ၁၃.၁၂.၂၀၁၆ | ၃၉ ဦး | ၂၃ ဦး | ၅၉ | ၆၂ \| ကယား |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၄.၁၂.၂၀၁၆ | ၁၄.၁၂.၂၀၁၆ | ၄၁ ဦး | ၂၁ ဦး | ၆၀ | ၆၂ \| ကယား |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၈.၁၂.၂၀၁၆ | ၁၈.၁၂.၂၀၁၆ | ၁ ဦး | ၁ ဦး | ၂ | ၂ \| ကယား |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၈.၁.၂၀၁၇ | ၁၈.၁.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၀.၂.၂၀၁၇ | ၂၀.၂.၂၀၁၇ | ၁၉ ဦး | ၉ ဦး | ၂၈ | ၂၈ \| ကယား |



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | \| |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | \| |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | \| |
| | | | | | | \| |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | \| |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | \| |

# ၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃ )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်၊ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] |
| နေ့စွဲ ၁၃.၁၂.၂၀၁၆ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☒စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား — မြို့နယ် ဖရူဆို — ကျေးရွာအုပ်စု မာခေါ်ရှေ့ — ကျေးရွာ မာခရော်ရှေ့ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)


| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | | ၁ | |
| ၂ | | ၂ | |
| ၃ | | ၃ | |
| ၄ | | ၄ | |
| ၅ | | ၅ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | | ၁ | |
| ၂ | | ၂ | |
| ၃ | | ၃ | |
| ၄ | | ၄ | |
| ၅ | | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | [illegible] | အမျိုးသား+အမျိုးသမီး | ၄၀၀ အိမ် | ၄၉၂ ဦး |
| ၂ | [illegible] | အမျိုးသား | ၅၀ အိမ် | ၄၉၂ ဦး |
| ၃ | [illegible] | အမျိုးသား+အမျိုးသမီး | ၄၂၅၀ အိမ် | ၄၉၂ ဦး |
| ၄ | [illegible] | အမျိုးသား+အမျိုးသမီး | ၅၀ အိမ် | ၄၉၂ ဦး |
| ၅ | [illegible] | အမျိုးသား+အမျိုးသမီး | ၃၅ အိမ် | ၄၉၂ ဦး |



| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲ | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲ |
| --- | --- |
| ၁။ အမှိုက်ကျင်းမရှိသောကြောင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရန် ခက်ခဲခြင်း | ၁။ အမှိုက်စွန့်ပစ်ရန်နေရာမရှိခြင်း |
| ၂။ မြေမညီညာသောကြောင့် ဘောလုံးကွင်း တည်ဆောက်ရန် ခက်ခဲခြင်း | ၂။ တိုက်နယ်ဆေးရုံမရှိခြင်းကြောင့် အရေးပေါ်လူနာ ကုသရန် ခက်ခဲခြင်း |
| ၃။ မူကြိုကျောင်းမျက်နှာကျက်မရှိခြင်းကြောင့် အပူအအေး မှ ကာမှု မရှိခြင်း | ၃။ ရေလှောင်ကန်မရှိသဖြင့် နွေရာသီတွင် ရေလုံလောက်မှုမရှိခြင်း |
| ၄။ ရေလှောင်ကန် ပြုပြင်ရန် ခက်ခဲခြင်း | ၄။ ရွာတွင်းလမ်း မြေမညီသဖြင့် မိုးတွင်းသွားလာရ ခက်ခဲခြင်း |
| ၅။ ခန်းမဆောင်မရှိခြင်းကြောင့် အစည်းအဝေး ပြုလုပ်ရန် ခက်ခဲခြင်း | ၅။ မူကြိုကျောင်းမျက်နှာကျက်မရှိခြင်း |
| ၆။ မြေသားမညီညာမှုကြောင့် တောင်ယာသွားလမ်း ခက်ခဲခြင်း | ၆။ ခန်းမဆောင်မရှိခြင်းကြောင့် အစည်းအဝေးများ ပြုလုပ်ရန် ခက်ခဲရှိခြင်း |

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက် | အမျိုးသမီးအဖွဲ့မှ တင်ပြသော မျှော်မှန်းချက် |
| --- | --- |
| ၁။ အမှိုက်ကျင်း စနစ်တကျရှိရမည်။ | ၁။ အမှိုက်ကျင်းရှိရမည်။ |
| ၂။ ဘောလုံးကွင်း တည်ဆောက်နိုင်ရမည်။ | ၂။ အရေးပေါ်လူနာ ကုသနိုင်ရမည်။ |
| ၃။ မူကြိုကျောင်း မျက်နှာကျက်ရှိရမည်။ | ၃။ နွေရာသီတွင် ရေလုံလောက်မှုရှိရမည်။ |
| ၄။ ရေလှောင်ကန်ရှိရမည်။ | ၄။ ရွာတွင်းလမ်း ကောင်းမွန်ရမည်။ |
| ၅။ ခန်းမဆောင်ရှိရမည်။ | ၅။ မူကြိုကျောင်းမျက်နှာကျက်ရှိရမည်။ |
| ၆။ မြေသားလမ်း ညီညာပြီး သွားလာရ အဆင်ပြေရမည်။ | ၆။ ခန်းမဆောင်ရှိရမည်။ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အလိုပြသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | အမျိုးသား +အမျိုးသမီး | ကျန်းမာရေး |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [signature] နေ့စွဲ ၂၄.၁၂.၂၀၁၆

# ၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း ( ပုံစံ-၄)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်၊ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TF တို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ဖြည့်စွက်ဆောင်ရွက်ရမည်၊ ဤပုံစံအား ဖြည့်စွက်ဆောင်ရွက်ပြီးပါက ကျေးရွာအုပ်စုနှံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်၊ CF မှ ကျေးရွာတက်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်၊ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ၊

ကျေးရွာလည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ကြေ ဦးမီး.မှာ. ရိုဘင်(TF)

ရက်စွဲ ၁၈.၁၂.၂၀၁၆ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု မာခရော်ရှေ့

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ရှိပါပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | |
| မာလယ်တော့ | စာသင်ကျောင်း | (60'x18'x12') | ၂၀၉ ဦး | ☐ ကျား<br>☐ မ<br>☑ ကျား+မ | 70 သိန်း | | | | |
| ထား:လဲ | စာသင်ကျောင်း | (60'x18'x12') | ၄၃၀ ဦး | ☐ ကျား<br>☐ မ<br>☑ ကျား+မ | 90 သိန်း | | | | |
| တနော့ကရော (အောက်) | စာသင်ကျောင်း | (36'x18'x11') ဝါရံတား(၆) (၂၈ ကိ?) | ၁၄၉ ဦး | ☐ ကျား<br>☐ မ<br>☑ ကျား+မ | 70 သိန်း | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ   အမည် ဦး:မိတော:လယ်   လက်မှတ် [signature]   ရက်စွဲ ၁၈.၁၂.၂၀၁၆

## ၁၃။မာခရော်ရှေ့ကျေးရွာအစည်းအဝေးမှတ်တမ်းများ

ကျေးရွာ - မာခရော်ရှေ့

ရက်စွဲ - ၁၄.၁၁.၂၀၁၈

နေရာ - မာခရော်ရှေ့

ပါဝင်ဆွေးနွေးသူ-ကျား (၃၉) ဦး

မ (၂၃) ဦး

မှတ်တမ်းတင်သူ - ဒေါ်မေရီ

ပထမအကြိမ် အစည်းအဝေး မှတ်တမ်း

လူထုဗဟိုပြုစီမံကိန်း မှ မာခရော်ရှေ့ ကျေးရွာတွင် ပထမအကြိမ်အစည်းအဝေး ကိုလာရောက်ပြုလုပ်ခဲ့ပါသည်။ မာခရော်ရှေ့ ကျေးရွာတွင် အိမ်ခြေ (၉၂) ရှိပြီး အိမ်ထောင်စု (၆၂) စုက ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ပါသည်။ အမျိုးသား ကိုယ်စားလှယ် (၃၉) ဦး နှင့် အမျိုးသမီး ကိုယ်စားလှယ် (၂၃) ဦး အပြင် လူငယ်၊ အမျိုးသမီး အိမ်ထောင်ဦး ကိုယ်စားလှယ်များ သည့် ကျေးရွာအုပ်ချုပ်ရေးမှူး မှ တက်ရောက် ပါဝင်ဆွေးနွေးခဲ့ပါသည်။ ပထမအကြိမ်အစည်းအဝေး တွင် လူထုဗဟိုပြုစီမံကိန်း အကြောင်း မိတ်ဆက်ခြင်း၊ ရည်ရွယ်ချက်၊ စီမံကိန်း အကျိုးဝင်ဝင်ရောက် ငွေ၊ [illegible] ကျား၊ မ တန်းတူ ရှိမှု၊ ပွင့်လင်း မြင်သာမှုကို အဓိက ထား၍ ဆွေးနွေး ပြောဆိုခြင်း ပြုလုပ်ခဲ့ပါသည်။ ဆက်လက်ပြီး လူထုစည်းရုံးမှု အဖွဲ့ တာဝန်ရှိ ကပြုလုပ်ပေးခဲ့ပြီး အစည်းအဝေးကို ည (၉:၀၀) နာရီတွင် အဆုံးသတ်ခဲ့ပါသည်။


အစည်းအဝေး စတင်ချိန် - ည (၇:၀၀)

အစည်းအဝေး ပြီးဆုံးချိန် - ည (၉:၀၀)

(လက်မှတ်)

ဒေါ်မေရီ

လူထုစည်းရုံးမှူး



မြို့နယ် - ဖရူဆို

အုပ်စု - မာခရော်ရှေ

ကျေးရွာ - မာခရော်ရှေ

ရက်စွဲ - ၁၄.၁၂.၂၀၁၆

အကြောင်းအရာ။ "လူထုဗဟိုပြုစီမံကိန်း ဒု-၂ စက်ဝိုင်း၊ ၄-ကြိမ်မြောက်အစည်းအဝေးမှတ်တမ်း"

မာခရော်ရှေရွာ၏ လူထုဗဟိုပြုစီမံကိန်း ဒု-၂ စက်ဝိုင်း၊ ၄-ကြိမ်မြောက်အစည်းအဝေးကို ဖေါ်ဆောင်ရေးမှူး (CF) မှ ဦးဆောင်ပြီး ည (၇:၀၀) တွင် စတင်ခဲ့သည်။ အဆိုပါအစည်းအဝေးကို မာခရော်ရှေရွာ၏ (ကလေးကြိုကျောင်း) တွင် ပြုလုပ်ပြီး ရပ်မိရပ်ဖ၊ လူငယ်နှင့် နွမ်းပါးသည့် အမျိုးသမီးများ စုစုပေါင်း လူဦးရေ ( ) ဦး တက်ရောက်ခဲ့သည်။

ဖေါ်ဆောင်ရေးမှူး (CF) မှ လူထုဗဟိုပြုစီမံကိန်း ဒု-၂ စ၊ ၃-ကြိမ်မြောက်အစည်းအဝေး ဆွေးနွေးဖြစ်ခဲ့သည့် - ထို့နောက် ဝေးစေ့ရည်ရွယ်ချက်များကို ပြန်လည်ဆွေးနွေး၍ အဖွဲ့ (၂) ဖွဲ့ခွဲပြီး ၎င်းတို့ကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးများကို အဖွဲ့ ... ဖော်ထုတ်စေခဲ့ပြီး ကျေးရွာ အခက်အခဲ ပြဿနာများ၊ မျှော်မှန်းချက်များကို ဖော်ထုတ်စေခဲ့ပြီး ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဦးစားပေးလုပ်ငန်းများကိုလည်း ရွေးချယ်ခဲ့ကြသည်။

ဆက်လက်ပြီး အစည်းအဝေးတွင် ကျေးရွာကော်မတီများကို ပြန်လည်ဆန်းစစ်ပြီး ကော်မတီဝင်ဥက္ကဋ္ဌ၊ ဝန်ထမ်း၊ ဆောင်ရန်၊ ရှောင်ရန်များ ... ကို ဝေမျှဆွေးနွေးခဲ့သည်။ ထို့နောက် ဖေါ်ဆောင်ရေးမှူး (CF) မှ ကျေးရွာလူထုကို ... ပြောကြားပြီး အစည်းအဝေးကို ည (၉:၃၀) နာရီတွင် ရုတ်သိမ်းခဲ့သည်။

မှတ်တမ်းတင်သူ

(လက်မှတ်)

(အယ်ဘိတ်ဘက်- CF)

## ၁၄။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်
အနှစ်ချုပ်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ဖြစ်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | [illegible] | ☑ မ ☑ များ | | |
| | ၂ | | ☐ မ ☐ များ | | |
| | ၃ | | ☐ မ ☐ များ | | |
| | ၄ | | ☐ မ ☐ များ | | |
| | ၅ | | ☐ မ ☐ များ | | |
| [illegible] | ၁ | | ☐ မ ☐ များ | | |
| | ၂ | | ☐ မ ☐ များ | | |
| | ၃ | | ☐ မ ☐ များ | | |
| | ၄ | | ☐ မ ☐ များ | | |
| | ၅ | | ☐ မ ☐ များ | | |
| [illegible] | ၁ | [illegible] | ☑ မ ☑ များ | | |
| | ၂ | | ☐ မ ☐ များ | | |
| | ၃ | | ☐ မ ☐ များ | | |
| | ၄ | | ☐ မ ☐ များ | | |
| | ၅ | | ☑ မ ☑ များ | | |
| အခြား | ၁ | [illegible] | ☐ မ ☐ များ | | |
| | ၂ | | ☐ မ ☐ များ | | |
| | ၃ | | ☐ မ ☐ များ | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | [illegible] | ☐ မ<br>☑ ကျား | | |
| | ၂ | [illegible] | ☑ မ<br>☑ ကျား | | |
| | ၃ | [illegible] | ☑ မ<br>☑ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |